# 【အမေးများသောမေးခွန်းများ】



**Q** မကြာသေးမီက ဂျပန်နိုင်ငံသို့ ပြောင်းရွှေ့ပြီး အမျိုးသားကျန်းမာရေး အာမခံတွင် စာရင်းသွင်းခဲ့သည်။ စာရင်းသွင်းတဲ့အခါ ကျန်းမာရေးအာမခံကတ်ကို ထုတ်ပေးမှာမဟုတ်ဘဲ **My Number** ကတ်ကို ပြုလုပ်ပြီး ကျန်းမာရေးအာမခံကတ်အဖြစ် အသုံးပြုရမှာဖြစ်ကြောင်းပြောပြကြပါသည်။လုပ်ထုံးလုပ်နည်းနဲ့ပတ်သက်တဲ့ စာရွက်စာတမ်းကို ရပေမယ့် ဂျပန်စာရွက်စာတမ်းက နားလည်ရခက်တဲ့အတွက် ကျန်းမာရေးအာမခံကတ်အဖြစ် **My Number**ကတ်ကို အသုံးပြုဖို့ ဘယ်လိုလုပ်ဆောင်ရမလဲဆိုတာ သိချင်ပါတယ်။

**A** ၂၀၂၄ခုနှစ်၊ဒီဇင်ဘာလ ၂ရက်နေ့နောက်ပိုင်း၊လက်ရှိကျန်းမာရေးအာမခံကတ်ကိုအသစ်ထုတ်ပေးခြင်းမပြုတော့ပါ။ ထို့ကြောင့်**My Number ကတ်ကို ပြုလုပ်ပြီး ကျန်းမာရေးအာမခံကတ်အဖြစ် အသုံးပြုရပါမည်**။(အများအားဖြင့် **My Na Insurance Card** ဟုခေါ်သည်) သင့်တွင် **My Na Insurance Card** မရှိသေးပါက၊ လက်ရှိအချိန်တွင် သင်၏ ဆေးဘက်ဆိုင်ရာ အာမခံမှ ထုတ်ပေးသော အရည်အချင်းပြည့်မီကြောင်း အတည်ပြုလွှာကိုအသုံးပြုနိုင်ပါသည်။

## My Number ကတ်ကို ကျန်းမာရေးအာမခံကတ်အဖြစ် အသုံးပြုနည်း



ပထမအဆင့်။**My Number** ကတ်လျှောက်ခြင်း/ပြုလုပ်ခြင်း

**လျှောက်ထားနည်း**

A) အင်တာနက်မှလျှောက်ထားမည်။

B) စာတိုက်မှပို့၍လျှောက်ထားမည်။

C) မြို့တွင်း ID ဓာတ်ပုံစက်မှ လျှောက်ထားမည်။

အသေးစိတ်ကိုဘာသာစုံMy Number ကတ်အထွေထွေဝဘ်ဆိုဒ်တွင် စစ်ဆေးနိုင်ပါသည်။
https://www.kojinbango-card.go.jp/en-link/

ဒုတိယအဆင့်။**Number** ကတ်ကျန်းမာရေးအာမခံအဖြစ်အသုံးပြုရန်လျှောက်ထားခြင်း/စာရင်းသွင်းခြင်း

**အသုံးပြုရန်စာရင်းသွင်းခြင်း**

A) ဆေးဘက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် ဆေးဆိုင်၏ ဧည့်ကြိုကောင်တာ (ကတ်ဖတ်စက်) တွင် လုပ်ဆောင်ပါ။

B) 「My Numberအင်တာနက်ဆိုဒ်」 မှပြုလုပ်မည်။

C) seven bank ATM မှပြုလုပ်မည်။ *လျှို့ဝှက်နံပါတ်လိုအပ်သည်။

တတိယအဆင့် ။ဆေးဘက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် ဆေးဆိုင်၌**My Number** ကတ်ကိုကျန်းမာရေးအာမခံအဖြစ်သုံးခြင်း

**လုပ်ဆောင်နည်း။**

A) မျက်နှာဖတ်စနစ်ပါကတ်ဖတ်စက်တွင်My Number ကတ်ကိုတင်ပါ။

B) မိမိဖြစ်ကြောင်းအတည်ပြုခြင်းလုပ်ဆောင်ပါ။ (မျက်နှာဖတ်/လျှို့ဝှက်နံပါတ်)

C) အချက်အလက်တစ်ခုပံ့ပိုးမှုအတွက် သဘောတူညီချက်ကို ရွေးချယ်ပါ။

**ဆက်သွယ်ရန်**

**Mynumberအသိပေးချက်၊အသိပေးချက်ကတ်၊Mynumberကတ်၊ Mynumberကတ်ပျောက်ဆုံးခြင်း/ ခိုးယူခံမှုတို့ကြောင့် အသုံးပြုမှု ယာယီရပ်ဆိုင်းခြင်း**

**0120-0178-27**

*ယာယီရပ်ဆိုင်းခြင်း ၂၄နာရီ

| | |
|---|---|
| အင်္ဂလိပ် ・ တရုတ် ・ ကိုရီးယား ・ စပိန် ・ ပေါ်တူဂီ | နေ့စဉ် 8：30〜20：00 |
| ထိုင်း ・ နီပေါလ် ・ အင်ဒိုနီးရှား ・ ဗီယက်နမ် ・ ဖိလစ်ပိုင် | နေ့စဉ် 9：00〜18：00 |

**Mynumberစနစ်、Mynumberအင်တာနက်ဆိုဒ်နှင့်ပတ်သက်သမျှ**

**0120-0178-26**

အင်္ဂလိပ် ・ တရုတ် ・ ကိုရီးယား ・ စပိန် ・ ပေါ်တူဂီ ・ ဗီယက်နမ် ・ ထိုင်း ・ အင်ဒိုနီးရှား ・ ဖိလစ်ပိုင် ・ နီပေါ

ကြားရက်：9：30〜20：00、စနေတနင်္ဂနွေ.အစိုးရပိတ်ရက်များ 9：30〜17：30 (နှစ်ကုန်နှင့် နှစ်သစ်ကူး အားလပ်ရက်များ မပါဝင်ပါ။)

မြန်မာဘာသာ


## Mynumberစနစ်、Mynumberအင်တာနက်ဆိုဒ်နှင့်ပတ်သက်သမျှ

https://www.kojinbango-card.go.jp/en-otoiawase/

| |
|---|
| ဂျပန် · အင်္ဂလိပ် · တရုတ် · ကိုရီယား · စပိန် · ပေါ်တူဂီ |
| နေ့စဉ် ၂၄နာရီ |

## အရည်အချင်းပြည့်မီကြောင်း အတည်ပြုလွှာနှင့်ပတ်သက်၍（My Na Insurance Cardကိုမသုံးသောအခါ）

လောလောဆယ်My Na Insurance Cardမရှိသေးသော（Mynumberကတ်အားကျန်းမာရေးအာမခံသုံးရန်စာရင်းမလုပ်ရသေးသော）ပုဂ္ဂိုလ်များ、လက်ရှိသုံးကျန်းမာရေးအာမခံ၏သက်တမ်းအတွင်းအရည်အချင်းပြည့်မီကြောင်း အတည်ပြုလွှာကိုလျှောက်လွှာမလိုဘဲ အခမဲ့ထုတ်ပေးမည်ဖြစ်သည်။



နမူနာပုံစံ

### လျှောက်လွှာမလိုဘဲ လက်မှတ်လက်ခံရရှိသူများ၊

- Mynumberကတ်မရသေးသူများ။
- Mynumberကတ်ရှိသော်လည်းကျန်းမာရေးအာမခံအဖြစ်သုံးရန်စာရင်းသွင်းခြင်းမပြုရသေးသူများ။
- My Na Insuranceအသုံးပြုခြင်းကိုပြန်ပယ်ဖျက်ခြင်းကိုလျှောက်ထားသော/ပြန်ပယ်ဖျက်ထားသူများ။
- Mynumberကတ်၏သက်သေစာရွက်များလုပ်ဆောင်နိုင်သောသက်တမ်းကျော်လွန်နေသူများ။
- 2024 ခုနှစ် ဒီဇင်ဘာလ 2 ရက်နေ့နောက်ပိုင်းမှသက်ကြီးရွယ်အိုများအတွက်ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုစနစ်သို့အသစ်ဝင်ရောက်လာသူများ၊သို့မဟုတ်နေရာပြောင်းရွှေ့ခြင်းကြောင့် သက်ကြီးရွယ်အိုများအတွက် တရားဝင် ဆေးအာမခံကတ် မရှိသူများ (ယာယီ တိုင်းတာမှု 2025 ခုနှစ် ဇူလိုင်လကုန်အထိ)။

### လျှောက်လွှာတင်ပြီးမှထုတ်ပေးမည့်သူ များ

- My Number Card ကို အသုံးပြု၍ ဆေးစစ်မှုခံယူရန် ခက်ခဲစေသော အထူးထည့်သွင်းစဉ်းစားရန်လိုအပ်သူများ(သက်ကြီးရွယ်အိုများ၊မသန်စွမ်းသူများစသည်)နှင့် အရည်အချင်းပြည့်မီကြောင်း လက်မှတ်လျှောက်ထားသူများ<သက်တမ်းတိုးလျှောက်ထားရန် မလိုအပ်ပါ>။
- My Number Card ပျောက်ဆုံး/သက်တမ်းတိုးထားသောသူများ။

### သက်တမ်းတိုးချိန်လျှောက်လွှာတင်စရာမလိုသူများ။

- လျှောက်ထားခြင်းဖြင့်အရည်အချင်းပြည့်မီကြောင်းလက်မှတ်ထုတ်ပေးခံရသည့်အထူးထည့်သွင်းစဉ်းစားရန်လိုအပ်သူများ(သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ စသည်ဖြင့်)

*နားမလည်သောအချက်များနှင့်ပတ်သက်ပါက、သင့်ဆေးဘက်ဆိုင်ရာအာမခံပေးသူကို ဆက်သွယ်ပါ။。ဘာသာပြန်လိုအပ်ပါက ဟော့ကိုင်းဒိုးနိုင်ငံခြားသားဆွေးနွေးစင်တာ(北海道外国人相談センター)နှင့် တိုင်ပင်ပါ။

ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ဝဘ်ဆိုဒ်မှ အချက်အလက်များကို အခြေခံ၍ပြုလုပ်ထားသည်။

## သင်သိထားပါသလား?

သတ်မှတ်ထားသောကာလဖြင့် နေထိုင်သည့်နိုင်ငံခြားသားများအတွက် My Number Card ၏ သက်တမ်းကုန်ဆုံးရက်သည်နေထိုင်မှုသက်တမ်းကုန်ဆုံးရက်နှင့်တူညီပါသည်။ သင်၏နေထိုင်မှုသက်တမ်း သက်တမ်းတိုးခြင်း စသည်တို့ကြောင့် သင်၏နေထိုင်ခွင့်ကတ်ကို သက်တမ်းတိုးသည့်အခါ၊ သင့်My Number Card ၏ တရားဝင်သက်တမ်းကာလမှာ အလိုအလျောက်သက်တမ်းတိုးမည်မဟုတ်ပါ။ထို့ကြောင့်မဖြစ်မနေသက်တမ်းတိုးကြပါစို့။

My Number Card၏တရားဝင်ကာလနှင့်ပတ်သက်သည့်လုပ်ထုံးလုပ်နည်းများအကြောင်း ဘာသာစကားပေါင်းစုံဖြင့် စာရွက်စာတန်းများကိုပြုလုပ်ထားသောကြောင့်ကျေးဇူးပြု၍ ၎င်းကိုကြည့်ရှုပါ။
https://www.hiecc.or.jp/soudan/info/detail.html?pid=8927241337679